ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

နေပြည်တော်

စာအမှတ်၊ အဆင့်မြင့်/နိုင်ငံခြား/အာဆီယံ/၂၀၂၁(၁၁၀၀)

ရက်စွဲ ၊ ၂၀၂၁ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **အာဆီယံ-အီတလီ ကျောင်းသား၊ ကျောင်းသူများ ညီလာခံ ကျင်းပရေးကိစ္စ**

ရည်ညွှန်းချက်။ ဝန်ကြီးရုံး၏ (၂၆-၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ပြန်ကြားရေး(ညီလာခံ)/၂၀၂၁/(၈၉၉)

အာဆီယံ-အီတလီ ကျောင်းသား၊ ကျောင်းသူများ ညီလာခံကို (၇-၄-၂၀၂၁) ရက်နေ့မှ (၈-၄-၂၀၂၁) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း၊ ညီလာခံမကျင်းပမီ လေ့ကျင့်ရေးအစည်းအဝေး လေးကြိမ်ကို ၂၀၂၁ ခုနှစ်၊ မတ်လအတွင်းကျင်းပရန် ရည်ရွယ်ထားပါကြောင်း၊ အဆိုပါညီလာခံနှင့် လေ့ကျင့်ရေးအစည်းအဝေးများသို့ အာဆီယံတစ်နိုင်ငံချင်းစီမှ အခြေခံပညာအထက်တန်းအဆင့်နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်စွာပြောဆိုနိုင်သူ ကျောင်းသား၊ ကျောင်းသူ (၆)ဦးစီ ပါဝင်တက်ရောက်ရန် Global Action မှ ဖိတ်ကြားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါညီလာခံသို့တက်ရောက်မည့် သင်တန်းသားစုစည်းပေးပါရန်၊ သင်တန်းသားအမည်စာရင်းကို (၇-၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပူးတွဲဖော်ပြပါ Link တွင် ဖြည့်စွက်ပေးပို့ပေးပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရည်ညွှန်းစာပါဖြင့် ညှိနှိုင်းလာပါသဖြင့် အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ပါမောက္ခချုပ်များကော်မတီနှင့်ပူးပေါင်း၍ တက်ရောက်မည့်သင်တန်းသား အမည်စာရင်းကို စုစည်း၍ သက်ဆိုင်ရာသို့ ပေးပို့နိုင်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ရန် အကြောင်းကြားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါညီလာခံသို့တက်ရောက်လိုသည့် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် သင်တန်းသားအမည်စာရင်းကို ဤဦးစီးဌာန ir.dhe.tucu@gmail.com သို့ (၂၉-၁-၂၀၂၁) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအရောက် ပြန်လည်တင်ပြပေးပါရန်နှင့် မရှိပါက မရှိကြောင်း တင်ပြရန် အကြောင်းကြားပါသည်-

(က) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူ

(ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားဖြစ်သူ

(ဂ) အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအဆင့် အနည်းဆုံး B1 Level ရှိသူ

(ဃ) နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ (အထူးသဖြင့် အာဆီယံရေးရာများ)ကို အထူးစိတ်ဝင်စားသူ

(င) ခေါင်းဆောင်မှုနှင့် အဖွဲ့လိုက်လုပ်ဆောင်နိုင်မှု အားကောင်းသူ